ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
**စာစစ်ကော်မတီ**

**ရုံးအမိန့်**

အမှတ်။ ၂၉၅ ။ ရက်စွဲ၊ ၂၀ - ၁၁ - ၂၀၁၉

အကြောင်းအရာ။ **ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်း ၂၀၂၀ ခုနှစ် စာမေးပွဲအချိန်စာရင်း ထုတ်ပြန်ခြင်း**

၁။ ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်း အမှတ်စဉ် - ၄၀ စာမေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်စာဖြေဌာန (ရုံးအမှတ်-၁၂ ၊ နေပြည်တော်) နှင့် ရန်ကုန်စာဖြေဌာန (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်) တို့တွင် အောက်ပါအချိန်ဇယားအတိုင်း မေးခွန်းဖတ်ချိန် ၁၅ မိနစ် အပါအဝင် ၁၁ : ၄၅ နာရီမှ ၁၅ : ၀၀ နာရီ အထိ နေ့စဉ်ကျင်းပပါမည်-

| နေ့ရက် | ဘာသာရပ် |
|---|---|
| ၈-၁-၂၀၂၀(ဗုဒ္ဓဟူးနေ့) | Economics |
| ၉-၁-၂၀၂၀ (ကြာသပတေးနေ့) | Book-keeping and Accountancy |
| ၁၀-၁-၂၀၂၀ (သောကြာနေ့) | Business Mathematic and Statistics |
| ၁၃-၁-၂၀၂၀(တနင်္လာနေ့) | General Commercial Knowledge |
| ၁၄-၁-၂၀၂၀(အင်္ဂါနေ့) | Commercial Laws |

၂။ မြန်မာနိုင်ငံစာရင်းကောင်စီတွင် သင်တန်းသားအဖြစ် မှတ်ပုံတင်ထားသူများသည် ဖြေဆိုခွင့်လျှောက်လွှာကို သက်ဆိုင်ရာ စာဖြေဌာနများတွင် ဝယ်ယူ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၁၂ ရက်နေ့အတွင်း ရုံးဖွင့်ရက်များ၌(၁၀း၀၀ နာရီမှ ၁၆း၀၀ နာရီ အတွင်း) စာမေးပွဲကြေးကျပ် ၁၀,၀၀၀၊ လျှောက်လွှာကြေးကျပ် ၁,၀၀၀ ၊ စုစုပေါင်းကျပ် ၁၁,၀၀၀ ပေးသွင်းပြီး ယင်းငွေရပြေစာမူရင်း၊ (၁"x၁") လိုင်စင် ဓါတ်ပုံ(၃)ပုံ ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)နှင့်အတူ သက်ဆိုင်ရာစာစစ်ဌာနများတွင် လျှောက်လွှာတင်သွင်းရမည်။

၃။ ဖြေဆိုခွင့်ရသူများစာရင်းနှင့် စာမေးပွဲဖြေဆိုရမည့် အခန်းအမှတ်စာရင်းကို ၂၀-၁၂-၂၀၁၉ နေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်သင်တန်းကျောင်း ၊ ရန်ကုန်သင်တန်းကျောင်းနှင့် ဤရုံး၏ Website ဖြစ်သည့် www. oagmac.gov.mm တွင်ထုတ်ပြန်ထားပါမည်။

ကန့်သတ်

၄။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို နေပြည်တော်စာဖြေဌာနတွင် ဖြေဆိုမည့်သူများအတွက် နေပြည်တော်သင်တန်းကျောင်းတွင်လည်းကောင်း၊ ရန်ကုန်စာဖြေဌာနတွင် ဖြေဆိုမည့်သူများအတွက် ရန်ကုန်သင်တန်းကျောင်းတွင်လည်းကောင်း ၂၃-၁၂-၂၀၁၉ မှ ၇-၁-၂၀၂၀ ရက်နေ့အတွင်း ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ထုတ်ပေးပါမည်။ **စာမေးပွဲစတင်ဖြေဆိုသည့်နေ့တွင် လုံးဝထုတ်ပေးမည် မဟုတ်ပါ။**

၅။ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

၆။ ဤကော်မတီ၏ ၇-၁၁-၂၀၁၉ ရက်စွဲပါ ရုံးအမိန့်အမှတ် - ၂၈၃ အား ဤရုံးအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

နိုင်သက်ဦး
ဥက္ကဋ္ဌ

စာအမှတ်၊ မစက/ ၄၁၃/( ၁၀၇၄ /၂၀၁၉)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၀ ရက်

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌ၊မြန်မာနိုင်ငံစာရင်းကောင်စီ
- ဒုတိယညွှန်ကြားရေးမှူး ( နေပြည်တော် / ရန်ကုန်သင်တန်းကျောင်း)
- ကြော်ငြာသင်ပုန်း(နေပြည်တော် / ရန်ကုန်သင်တန်းကျောင်း)
- ရုံးအမိန့်ဖိုင်
- ရုံးလက်ခံ
- မျှော

အမိန့်အရ

၂၀/၁၁/၂၀၁၉

သန္တာလေး
ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံစာရင်းကောင်စီရုံး